

စိုးမိုးစာပေ
မိုးဆက်လင်းထက်
သံဃယာဇဉ်ရှာ

# သံယောဇဉ်ရွာ

## အခန်း(၁)

ရွာလမ်းလေးက သာယာလှပနေတယ်၊ လမ်းလေးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ နှစ် ပေါင်းများ စွာ မြေပြင်မှာ အမြစ်တွယ်နေတဲ့ ကုက္ကိုလ်ပင်ကြီးတွေ ရှိတယ်၊ ရွာလမ်းလေးရဲ့အဆုံး တောင်ကုန်းလေးတစ်ခုပေါ်မှာ ထုံးဖြူစေတီလေးတစ်ဆူက သပ္ပာယ်စွာ တည်ရှိနေတယ်၊ အဲဒီ စေတီလေးနောက်မှတော့ ဘုန်းကြီးကျောင်း . . .။

ဘုန်းကြီးကျောင်းကြီးက ရှေးဘုန်းကြီးကျောင်းတွေ ရဲ့ ပုံစံအတိုင်း ကျွန်းတိုင်လုံးကြီးတွေ နဲ့ ဆောက်ထားတာ၊ ပြီးတော့ ပုဏ္ဏားကွယ် အချွန်အတတ်တွေ နဲ့ ဘုံအဆင့်ဆင့် ခေါင်းမိုးတွေ . . . ကျောင်းဝင်းကြီးထဲမှာ လည်း အပင်တွေ ကစုံလို့၊ သရက်၊ သကြား၊ ပိန္နဲ၊ ကနစိုး စတဲ့ စားပင်သီးပင်တွေ အပါအဝင်၊ ပိတောက်၊ ကုက္ကို၊ အင်ကြင်း၊ ကျွန်း စတဲ့ အပင်ကြီးတွေ လည်း ရှိတယ်။ ဘုန်းကြီးကျောင်းဝင်းကြီးအနောက်ဘက်မှာ တော့ ရေချောင်းလေးတစ်ခုကဖြတ်သန်းစီးဆင်းနေတယ်။ အဲဒီ ဘုန်းကြီးကျောင်းကြီးရဲ့ ကျောင်းထိုင်ဆရာတော် ရဲ့ နာမည် က ဦးကေလာ။

ဦးကေလာဆိုရင် ဒီနားက ရွာတွေ မသိသူ မရှိ၊ အထူးသဖြင့်သာယာအေး၊ လေးပင်စု၊ ကုက္ကိုတန်း စတဲ့ ရွာလေးတွေ က ပိုပြီးအသိဆုံး၊ ဆရာတော် က ဒီဒေသသား၊ ပြီးတော့ ငယ်ဖြူ၊ ဘုန်းကြီးပညာနဲ့ ပတ်သတ်ရင် ဓမ္မာစရိယ အောင်ထားတာ၊ ဒ့ါကြောင့်ပညာတတ်။

သူက ပညာတတ်ပေမယ့် ရွာက လူတွေ ကတော့ ထုံးစံအတိုင်းအသိပညာ၊ အတတ်ပညာအားဖြင့် နည်းကြသေးတယ်။ မနက်မိုးလင်းတာနဲ့ ယောကျ်ားတွေ မှန်ရင် လယ်ထဲ၊ ကိုင်းထဲသွား၊ မိန်းမတွေ မှန်ရင် ထမင်းချက်၊ အိမ်အလုပ်လုပ်၊ ပြီးတာနဲ့ နွားစာစဉ်း၊ ဆန်ဖွတ်၊ ညဆို ဗိုင်းငင်၊

ဒါတွေ ပဲ။

အဲဒီ တော့ ပညာရေး ဆိုတာကို သေစာရှင်စာ ရေး တတ်ဖတ်တတ်တာကလွဲရင် ထွန်းထွန်းပေါက်ပေါက် သိပ်မရှိလှဘူး၊ ဒါကြောင့် ဘုန်းကြီးဦးကေလာက သူ့ရွာသူ အားမရဘူး၊ သူ့ဒေသသူ စိတ်မကျေနပ်ဘူး။ ဒါကြောင့် မူလတန်းကျောင်းလေးတစ်ကျောင်းစလုပ်ဖို့ ရပ်ရွာလူကြီးတွေ နဲ့ တိုင်ပင်ပြီး မြို့တတ်သွားတယ်။ မြို့မှာ သူ့ဒကာရင်းတစ်ယောက်နဲ့ တွေ့ ပြီး အဲ့ကိစ္စ တိုင်ပင်တယ်၊ သူ့ဒကာရင်း ဖြစ်သူကလည်း အဲ့ဒီ ဒေသသားဆိုတော့ ကိုယ့်ဒေသကိုယ် ဖွံ့ဖြိုးတိုးတတ်စေချင်တယ်။ ဒါကြောင့် ရုံးကိစ္စ၊ စာရွက်စာတန်းကိစ္စတွေ ကို သက်ဆိုင်ရာတွေ ဆီမှာ အားလုံး လိုက်လုပ်ပေးပြီး ကူညီပေးလိုက်တယ်၊ နောက်ဆုံးတော့ သူတို့ သာယာအေးရွာလေးအတွက် ကိုယ်ထူကိုယ်ထ မူလတန်း ကျောင်းလေးတစ်ကျောင်း ပေါ်ပေါက်လာရတယ်ဆိုပါတော့ . . .။

ကျောင်းက သာယာအေးရွာမှာ ရှိပေမယ့် ရွာနီးပတ်လည်ရွာတွေ ကပါ ကလေးတွေ ကို ကျောင်းလာတတ်ရအောင် ဆရာတော် ဦးကေသာ စည်းရုံးတယ်။ ဆရာတော် ရဲ့ စည်းရုံးအား ဘယ်လောက်ကောင်းသလဲဆိုရင် ကျောင်းစဖွင့်တဲ့ နေ့မှာ ပဲ ကျောင်းသားအယောက်တစ်ရာလောက် ဖြစ်သွားတယ်။ ဖြစ်မှာ ပေ့ါ၊ ဆရာတော် စည်းရုံးတဲ့ ပုံစံကိုလည်း ကြည့်ဦးလေ။ ကျောင်းသားတစ်ယောက်ဆန်တစ်ဘူးပေးမယ်ဆိုတော့ ပွဲတော် ကြီးပေ့ါ။ တချို့တွေ ဆို ငါးနှစ် မပြည့်သေးတဲ့ ကလေးတွေ ပါ ခေါ်လာလို့ အတင်းပြန်လွှတ်လိုက်ရတယ်။ ဒီကြားထဲ ဈေးဆစ်တဲ့ လူက ရှိသေးတယ်။

“ကျောင်းက ငါးနှစ် မှ စနေရတာ ဆိုတော့ ကျွန်မ ကလေးက အခု နှစ် နှစ် ခွဲရှိပြီ။ ဆန်နို့ဆီဘူးတစ်ဝက်ပဲ ပေးလေ၊ ထားခဲ့လို့မရဘူးလား”

အဲဒီ လိုမျိုးတွေ က ရှိသေးတယ်။ တချို့တွေ ကြတော့ ကလေးတွေ ထိန်းရတာ လည်း သက်သာတယ်၊ ဆန်လည်း နို့ဆီတစ်ဘူးရတော့ ဟန်ကျပြီး

ပို့ထားတာ။

“အမယ်လေး . . . ဒီလိုမှန်းသိ ရှစ်ယောက်လောက် မွေးထားပါတယ်၊ တစ်ပြည်လောက်ရလည်း နည်းလား”

“ဟုတ်ပ့ါတော် ၊ မွေးမွေးချင်း လာပို့ရင်ရော မရဘူးလား”

ဘာပဲ ဖြစ် ဖြစ်၊ ဆရာတော့် ကျောင်းလေးဟာ နေ့ချင်းညချင်းကျောင်းသားတွေ နဲ့ စည်းကားသွားတာတော့ အမှန်ပါပဲ။

အဲဒါပေမယ့် တစ်ခုပြဿနာ တက်နေတယ်. . .

အဲဒါ . . .

ကျောင်းဆရာ

♥ ♥ ♥

ခွဲတန်းအရ သူတို့ရွာလေးကို ကျောင်းဆရာတစ်ယောက် အရင်ရောက်လာတယ်၊ ကျောင်းဆရာဆိုပေမဲ့ အသက်ကတော့ အတော် ငယ်သေးတယ်၊ ပြောရရင် ကျောင်းဆင်းကာစ ကျောင်းဆရာလေးတစ်ယောက်ဆိုပါတော့၊ နာမည် က လင်းနိုင်ထွန်းလို့ ခေါ်တယ်၊ သူတို့ရွာလေးကို ဆရာလေး လင်းနိုင်ထွန်း စရောက်လာတုန်းက ရွာကလူတွေ တအံ့တဩနဲ့ လာဝိုင်းကြည့်ကြတယ်၊ သူတို့ထင်တာက ကျောင်းဆရာဆိုတာ အသက်ကြီးကြီး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ နဲ့၊ ရုပ်တည်ကြီးနဲ့ထင်နေတာ၊ အခုတော့ အသက်ငယ်ငယ်အသားဖြူဖြူ ချောချောလေးဆိုတော့ တအံ့တဩကို ဖြစ်လို့ . . .

“ဟယ် . . . ကျောင်းဆရာလေးက ချောလိုက်တာနော်”

“ ဟုတ်ပ့ါအေ . . . တို့ရွာကို လာကသွားတဲ့ စိန်ဒင်ထက်တောင် ချောသေးတယ်”

အဲဒီ လိုနဲ့ ကျောင်းဆရာလေးရောက်ပြီးတော့ တစ်လလောက်အကြာ သူတို့ကျောင်းလေးမှာ ကျောင်းသားဦးရေတွေ များ သထက်ပိုများ လာတယ်။ ရွာက ကာလသမီးတွေ ကလည်း ကျောင်းဆရာလေးကို တွေ့ ချင်မြင်ချင်တော့ သူတို့အိမ်က တူတွေ တူမတွေ ကို အတင်းကျောင်းလာပို့တယ်၊ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွေ မှာ တောင်မှ အိမ်ကို လာပို့တဲ့လူက ရှိသေးတယ်။

“မထူးပါဘူး ဆရာလေးရယ်၊ စနေ၊ တနင်္ဂနွေ ပိတ်ရက်တွေ လည်း ကျောင်းပိတ်မနေပါနဲ့ ဖွင့်လိုက်ပါလား ခစ် . . . ခစ်”

အဲဒီ လိုအခါမျိုးကျတော့ ဆရာလေးခမျာ အားလုံးကို နားလည်းအောင် ရှင်းပြရတယ်၊ ကလေးတွေ ရဲ့ စိတ်ထဲမှာ ကျောင်းစာချည်းပဲ ခေါင်းထဲထည့်ခိုင်းထားရင် ကျောင်းကို ကြောက်သွားတတ်ကြောင်း၊ ဒါ့ကြောင့် တစ်ပတ်မှာ နှစ် ရက်လောက် အနားပေးဖို့လိုကြောင်း ရှင်းပြရတယ်၊ နောက်ပြီး ကျောင်းဆရာ၊ ဆရာမတွေ အနေနဲ့လည်း နားဖို့လိုအပ်ကြောင်းပါ ပြောပြရတယ်။

ဘာပဲ ဖြစ် ဖြစ် ဆရာတော် ဦးကေလာရဲ့ ကျောင်းလေးကတော့ အောင်မြင်တာ အမှန်ပါပဲ၊ အခုဆိုရင် ကျောင်းသားအင်အားများ ပြီး ဆရာက တစ်ယောက်တည်းရှိလို့ မနိုင်မနင်းတွေ တောင် ဖြစ်နေပြီ။

ဒါကြောင့် ကျောင်းဆရာ နောက်တစ်ယောက် ထပ်ခန့်ဖို့မြို့နယ်ပညာရေး မှူးထံ တင်ပြပြီး တစ်လလောက်အကြာမှာ တော့ . . .။

“ကျောင်းဆရာမတစ်ယောက် ငါတို့ရွာကို ရောက်တော့မယ်တဲ့”

အဲဒီ သတင်းက ဆရာတော် ဦးကေလာကတစ်ဆင့် တစ်ရွာလုံးကို ပျံ့နှံ့သွားပါတော့တယ်၊ သတင်းရရချင်း ညနေမှာ ပဲ ဆရာတော် ဦးကေလာကျောင်းမှာ ကျေးရွာက ရပ်မိရပ်ဖတွေ စုဝေးပြီးသား ဖြစ်သွားတယ်။

ပြီးတော့ ဆရာမလေးကို ကြိုဆိုဖို့ကိစ္စနဲ့ နေရေး ထိုင်ရေး ကိစ္စတွေ စီစဉ်ဖို့ တိုင်ပင်ကြတယ်။

"ဆရာမလေးကက မိန်းကလေးဆိုတော့ တစ်ယောက်တည်းထားလို့တော့ မသင့်တော် ဘူး၊ ဒါကြောင့် သူကြီးအိမ်မှာ ပဲထားမှ သင့်တော် မယ်ထင်တယ် ဘုရား"

ရပ်မိရပ်ဖတစ်ယောက်က သူ့အမြင်ကို စတင် တင်ပြတယ်။ ဆရာတော်ဘုရားက ခေါင်းတညိတ်ညိတ်လုပ်ပြီး . . .

"ဒီ ဒကာကြီး တင်ပြချက်က မှန်တယ်၊ ဆရာလေးလင်းနိုင်ထွန်းက ယောက်ျားလေးဆိုတော့ တစ်ယောက်တည်းနေတာ ပြဿနာ မရှိဘူး။ ဆရာမလေးကြတော့ မသင့်တော် ဘူးလေ။ ဒ့ါကြောင့် သူကြီးအိမ်မှာ ဆို မိန်းကလေးဖော် ရွှေတုတ်လည်း ရှိတော့ အဆင်ပြေတယ်၊ ဒါနဲ့ ဒကာကြီး ဖိုးကောက်ကရော ဘာများ ပြောချင်သေးလဲ"

ဦးဖိုးကောက်ဆိုတာ သာယာအေးရွာရဲ့ သူကြီးပါ။ သူတို့ကမျိုးနဲ့ရိုးနဲ့ သူကြီးလုပ်လာတာ၊ သူ့အဘိုးလက်ထက်ကဆို အင်္ဂလိပ်အရေး ပိုင်မင်းတွေ က ပေးသနားထားတဲ့ နှစ် လုံးပြူးသေနတ်ရှိတယ်၊ အဲ့ဒီ နှစ် လုံးပြူးသေနတ်ကို အိမ်အလယ်မှာ ခန့်ခန့်ညားညားကြီးချိတ်ပြီး ယခုထိ ကြွားလုံးထုတ်ထားလို့ သူ့ကို တစ်ရွာလုံးက နှစ် လုံးပြူးဖိုးကောက်လို့ နာမည် ပေးထားတယ်။

ဆရာတော် လည်း မိန့်ပြီးတော့ သူကြီးဦးဖိုးကောက်က အားရဝမ်းသာစွာနဲ့ပဲ . . .

"မှန်လှပါ ဘုရား၊ အတိုင်းအထက်အလွန် တံခွန်နဲ့ကုက္ကားပါဘုရား၊ ဆရာမလေးကို ထားဖို့ကိစ္စက တပည့်အိမ်နဲ့သာ အသင့်မြတ်ဆုံးပါ။ အိမ်မှာ လည်း တပည့်တော် ဇနီး မယ်ခွေသာမက တပည့်တော် ရဲ့ ရှုမငြီး ချစ်သမီးလေး ရွှေတုတ်ပါ ရှိနေတဲ့အတွက် မိန်းမဖော်ဆိုလို့ နှစ် ယောက်ကြီးများ တောင် ဘုရား"

“အေးအေး . . . ဒါဆိုလည်း နေရေး ထိုင်ရေး ကိစ္စ အဆင်ပြေသွားပြီပေါ့၊ ဆရာမလေးကို သွားကြိုဖို့ကိစ္စက ဘယ်လိုလုပ်မလဲ”

ရပ်မိရပ်ဖတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြတယ်၊ ဘယ်သူမှ ဘာစကားမှ မပြောကြဘူး။ တော် တော် လေး ကြာတော့မှာ သူကြီးက . . .

“သွားကြိုဖို့ကိစ္စက တပည့်တော် တို့ တာဆုံအထိ သွားကြိုမှရမှာ ပါဘုရား၊ အဲဒီ လို တာဆုံအထိ သွားကြိုဖို့ကြတော့လည်း နွားလှည်းနဲ့ဆို အဆင်မပြေလောက်ဘူးဘုရား၊ ခရီးကလည်းဝေး၊ လမ်းကလည်း ကြမ်းတော့ နွားလှည်းဆောင့်တဲ့ဒဏ်ကို ဆရာမလေးလို မြို့သူတစ်ယောက်က ခံနိုင်မယ်မထင်ဘူး၊ ဒါကြောင့် ကားနဲ့ သွားကြိုမှ အဆင်ပြေလိမ့်မယ် ဘုရား”

“အင်း . . . ဟုတ်တယ်၊ ငါတို့ရွာကလည်း ကားလမ်းနဲ့က အတော် လှမ်းတော့ ဒီကိစ္စကို ဒကာကြီးပြောသလိုလုပ်မှ ရမယ်ထင်တယ်၊ ဒါနဲ့ ကားကရော ဘယ်က ရမလဲ”

“ပေါက်ဖော်ကြီးရဲ့ ဂျစ်ကားနဲ့ဆို အဆင်ပြေလိမ့်မယ်ဘုရား”

အားလုံး ငြိမ်သွားကြတယ်၊ သူတို့ရွာမှာ လည်း ကားနဲ့တူတာ ဆိုလို့ ပေါက်ဖော်ကြီးရဲ့ ဒုတိယကမ္ဘာစစ်လက်ကျန် ဂျစ်ကားတစ်စီးသာ ရှိတယ်။ အဲ့ဒီကားကလည်း တစ်နှစ် ပတ်လုံးမှ တစ်ခါနှစ် ခါသာ စက်နှိုးသံ ကြားဘူးတယ်၊ ကျန်တဲ့ အချိန်မှာ ဆို ဂိုဒေါင်ထဲမှာ ဒီအတိုင်း ရပ်ထားတာ . . .။

ပထမတစ်ခေါက် ဆရာလေး လင်းနိုင်ထွန်းကို ကြိုတုန်းက နွားလှည်းနဲ့ ကြိုခဲ့ရတာ ၊ အဲ့ဒီတုန်းက ဆရာလေးခမျာ ခရီးက ပမ်းတဲ့ကြားထဲ လမ်းကလည်းကြမ်း၊ နွားလှည်းကလည်းဆောင့်ဆိုတော့ နှစ် ရက်လောက်ကို ဖျားသွားတာ၊ ဒါကြောင့် ဒီတစ်ခါ ဆရာမလေး အလှည့်ကို သက်သက်သာသာ ဖြစ်သွားအောင် ပေါက်ဖော်ကြီးရဲ့ ဂျစ်ကားကို စဉ်းစားလိုက်ရတာ ။

“ကပ္ပိယကြီး”

“ဘုရား”

“ပေါက်ဖော်ကြီးကို သွားခေါ်ချည်”

“တင်ပ့ါဘုရား”

ကပ္ပိယကြီး ဆွေ့ခနဲ ပြေးထွက်သွားတယ်၊ ခဏနေတော့ ကပ္ပိကြီးနဲ့အတူ တရုတ်ကြီးတစ်ယောက်ပါလာတယ်၊ တရုတ်ကြီးက ဆရာတော် ဘုရားကို ဦးခိုက်ကန်တော့ပြီး . . .

“အရှင်ဘုရား တပည့်တော် ကို ခေါ်စာ ကိစ္စအကြောင်းများ ရှိလို့လား ဖိယား”

ဆရာတော် ဘုရားက ခေါင်းညိတ်ပြီး . . .

“အင်း . . . ရှိတယ်၊ ဒကာကြီးရဲ့အခု ဒီရပ်ကွက်က ကျောင်းကို ဆရာမလေးတစ်ယောက် ပြောင်းလာမယ်၊ အဲ့ဒီဆရာမလေးကို သွားကြိုဖို့အတွက် ဒကာကြီးရဲ့ ဂျစ်ကားကို အကူအညီတောင်မလို့ပါ”

ပေါက်ဖော်ကြီးက နည်းနည်း တော့ကြောင်သွားတယ်။ ပြီးတော့ တစ်ခုခုကို လေးလေးနက်နက် စဉ်းစားသလို တွေ းလိုက်ပြီး . . .

“အရှင်ဖိရား ထော်လာဂျီနဲ့ဆို အဆင်မပြေဘူးလား”

“ထော်လာဂျီက နွားလှည်းနဲ့ ဘာထူးလို့တုန်း ဒကာကြီးရဲ့၊ ဘုန်းကြီးတို့က ဆရာမလေး သက်သက်သာသာ လာလို့ရအောင် ဒကာကြီးဂျစ်ကားကို ငှားတာလေ”

“မှန်ပ့ါ၊ ဒါဆိုလည်း အဆင်ပြေအောင် လုပ်ပေးရမှာ ပေ့ါဘုရား၊ တပည့်တော် ဂျစ်ကားက စက်မနှိုးတာတောင် ခြောက်လလောက်ရှိပြီဆိုတော့ နှိုးကြည့်လိုက်ပါဦးမယ် ဘုရား၊ စက်နှိုးလို့ရရင် ယူသွားပါ၊ ဒါနဲ့ ကားကို ဘီသူ မောင်းမှာ လဲ ဘုရား”

ဘုန်ကြီးက ပြုံးလိုက်၍ . . .

"ဆရာလေး လင်းနိုင်ထွန်းက ကားမောင်တတ်တယ်လေ သူ့ကိုပဲ သွားကြိုခိုင်းရမှာ ပေါ့"

အားလုံးက ထိုအဆိုကို တစ်ခဲနက် ထောက်ခံကြသည်။

"ကဲ . . . ဒါဆို ကျန်တဲ့လူတွေ က ဆရာမလေးရောက်ရင် အဆင်သင့် စားဖို့သောက်ဖို့ကိစ္စနဲ့ နေဖို့ထိုင်ဖို့ကိစ္စ လုပ်ထားကြ"

"မှန်လှပါ ဘုရား"

ဤသို့ဖြင့် ဆရာမလေးကို ကြိုဖို့ အစီအစဉ်သည် အထမြောက်သွားပါတော့တယ်။

ပေါက်ဖော်ကြီးအတီးနဲ့ ဂျစ်ကားနားမှာ ကလေးတွေ ဝိုင်းနေကြတယ်။ ကားကို နွားတင်းကုပ်အနားက ဂိုဒေါင်ထဲက တွန်းထုတ်လာတာ၊ ဆရာလေး လင်းနိုင်ထွန်းက အတီးနဲ့အတူ ကားကို ဖုန်ဝိုင်းသုတ်ပေးနေတယ်၊ ကလေးတွေ က ကားပေါ်တတ်ဆော့တယ်၊ ခပ်ရဲရဲကောင်တွေ က ကားဘီးကို လေသွားလျှော့တယ်။

အတီးက ကလေးတွေ အော်ငေါက်ရင်း တုတ်တစ်ချောင်းပြေးကောက်ပြီး . . .

"ဟဲ့ကောင်လေးတွေ နင်တို့ ငါ့တုတ်နဲ့ တွေ့ တော့မယ် သွားကြစမ်း . . . သွားစမ်း"

ကလေးတွေ က "ဟေး" ခနဲ့အော်ပြီး ပြေးထွက်သွားတယ်။ ဒါပေမယ့် ခပ်ဝေးဝေးကို သွားတာမဟုတ်သေးဘူး၊ ခမ်လှမ်းလှမ်းအထိပဲသွားပြီး ပေစောင်း၊ ပေစောင်းနဲ့ ရပ်ကြည့်နေတယ်၊ သူတို့ခမျာ ပေါက်ဖော်ကြီးအတီးရဲ့ ကားကို အခုလို မြင်တွေ့ ခွင့်ရတာ မဟာကံထူးရှင် လူသားတွေ လို့ ခံစားနေရတာ ။

ဟုတ်တော့လည်း ဟုတ်တယ်၊ အတီးက သူ့ကားကို လုံးဝသုံးတာ

မဟုတ်ဘူး၊ ကားပိုင်တယ်ဆိုတဲ့ ဂုဏ်လေးတစ်ခု ရယူချင်ယုံသာ အသုံးပြုထားတာ၊ သူ့ကားသူ သုံးဘူးတာဆိုလို့ လွန်ခဲ့တဲ့ နှစ် နှစ် က ရွာကိုလာကတဲ့ ဇာတ်မှာ ဇာတ်မင်းသမီးကို သွားကြိုတုန်းကတစ်ခါ၊ ဆရာတော် ဦးကေလာ အူအတတ်ပေါက်လို့ မြို့ဆေးရုံကို ပို့တုန်းကတစ်ခါ ဒါပဲ။ သူ့ကားကလည်း သိတဲ့အတိုင်း ဒုတိယကမ္ဘာ့စစ် လက်ကျန်ဆိုတော့ ကားဆိုမှ ကားပဲ၊ တကယ့် ဘုရားစူးကား။

“ပေါက်ဖော်ကြီးရဲ့ကားက နှိုးလို့ရော ရပ့ါမလားဗျာ”

“ဆီရာလေး နှိုးကြည့်တော့ တိမှာ ပေ့ါ”

ဆရာလေး လင်းနိုင်ထွန်း ကားကိုကြည့်ပြီး စိတ်ဓာတ်အကြီးအကျယ်ကျနေတယ်။ ဒီကားနဲ့ သွားကြိုရင် သူ့ဘဝက တာဆုံအထိရောက်ပ့ါမလားလို့လည်း တွေ းနေမိတယ်၊ သွားမကြိုချင်ဘူးပြောပြန်ရင်လည်း ကိုယ်က မလုပ်ပေးချင်ဘူး ထင်နေဦးမယ်။ အင်း . . . ဒုက္ခ . . . ဒုက္ခ။

ဆရာလေး လင်းနိုင်ထွန်းက ထိုသို့ ညဉ်းရင်း ကားရေဆေးဖို့ရေး ပုံးယူလာတဲ့ အတီးကို လှမ်းကြည့်လိုက်တယ်။ ပြီးတော့ . . .

“ကျွန်တော် ဒီရွာကို ရောက်တာ တစ်လကျော်ပြီ၊ အတီးဆီမှာ ဒီကားရှိတယ်ဆိုတာ လုံးဝ မသိဘူး”

အတီးက သူ့ကားသူ ဂုဏ်ယူနေတဲ့ မျက်နှာထား ချက်ချင်း ဖြစ်သွားပြီး . . .

“ဒီတစ်ရွာလုံးမှာ ကားဆိုလို့ ကျုပ်ဆီမှာ ပဲရှိတာ ဆီရာလေးရ၊ ကျုပ်က ကားကို သိပ်သုံးတာ မဟုတ်ဘူး”

“ဘာလို့ မသုံးတာလဲ”

"အား . . . ဒီကောင်က သုံးရတာ နဲ့ ပြင်ရတာ မကာမိဘူး၊ တစ်ခါသုံး ဆယ်ခါပြင်ရတယ်၊ ဒါပေမယ့် ကောင်းနေရင်တော့မောင်းလို့ ကောင်းပါတယ်"

ကောင်းနေရင်တော့ မောင်းလို့သိပ်ကောင်းဆိုပဲ၊ အင်း . . .ကြည့်ရသေးတာပေါ့။

ဒီလိုနဲ့ သူတို့ ကားရေဆေးပြီး စက်နှိုးဖို့လုပ်တယ်၊ ကားက လုံးဝ စက်နှိုးလို့မရဘူး၊ သော့ ကို လှည့်လိုက်တာနဲ့ အင်ဂျင်ခန်းထဲက "တောက်" ဆို အသံသေးသေးလေးတစ်ခုသာ ကြားလိုက်ရတယ်၊ လုံးဝ မနှိုးဘူး။

အတီးက ကားကို ကြည့်ပြီး . . .

"ဆီရာလေး ဘတ္တရီ အားမရှိဘူးထင်တယ်"

လင်းနိုင်ထွန်းက ကားပေါ်က တစ်ချက်ဆင်းပြီး အင်ဂျင်အဖုံးကို ဖွင့်ကြည့်တယ်၊ အင်ဂျင်ခန်းထဲမှာ ပင့်ကူအမျှင်တွေ နဲ့ ရှုပ်ပွနေတယ်၊ အဲ့ဒီ ပင့်ကူမျှင်တွေ ကို လက်ကလေးနဲ့ အသာဖယ်ပြီး မဲညစ်ညစ် ဖြစ်နေတဲ့ အတုံးလေးကို ကြည့်လိုက်တယ်၊ အဲဒါ ဘတ္တရီ။

"အတီး . . . ခင်ဗျားကားက ဘတ္တရီရော ကောင်းသေးရဲ့လားဗျ"

"မသိဘူး ဆီရာလေး"

"ဟုတ်လိမ့်မယ် ဆီရာလေး၊ ကျွန်တော် တော့ နားမလည်ဘူး"

အတီးက ဘာပဲပြောပြော မသိဘူး၊ နားမလည်ဘူးချည်းလုပ်နေတယ်။ လင်းနိုင်ထွန်းက စိတ်ပေါက်ပေါက်နဲ့ . . .

"ခင်ဗျားသိတာ ဘာရှိလဲ အတီး"

"ဟဲဟဲ . . . ကျွန်တော့်ကားတစ်စီးလုံးမှာ ဟွန်းကောင်းတာတော့သိတယ်ဗျ"

လင်းနိုင်ထွန်းက အဲဒီစကားကြားတော့မှ ဖွန်းကို သတိရသွားပြီး အပြေးအလွှား သွားတီးကြည့်တယ်။

"ဂွမ်"

နောက်တစ်ချက် တီးကြည့်တယ် . . .

"ဂွတ်"

မန်ဒါလီဘဲ သေခါနီး ငင်နေတဲ့ အသံမျိုး၊ သေချာပြီ၊ ဘတ္တရီအားအရမ်းနည်းနေပြီ။

"ခင်ဗျားကားက ဘတ္တရီမရှိတော့ဘူး၊ တွန်းနှိုးမှ ရမယ်"

"ဟုတ်တယ်၊ တွန်းမှ ရမယ်"

အတီးက ခေါင်းကို ကုပ်လိုက်တယ်၊ သူတစ်ယောက်တည်းနဲ့ ဒီကားကို ဘယ်လို တွန်းရမလဲ စဉ်းစားတယ်၊ ဆရာလေးလင်းနိုင်ထွန်က ကားနှိုးမယ့်လူဆိုတော့ တွန်းလို့ရမှာ မဟုတ်ဘူး၊ အဲဒီ တော့ သူတစ်ယောက်တည်းပဲ ကားကို တွန်းရလိမ့်မယ်။

အတီး ကားကိုကြည့်ပြီး စိတ်ပျက်နေတုန်း အကြံတစ်ခုရပြီးခုန သူ့ကားကို ဝိုင်းကြည့်နေတဲ့ ကလေးတွေ ဆီ အားကိုးတကြီးလှည့်ကြည့်လိုက်တယ်။

"ဟင် ကလေးတွေ ဘယ်ရောက်သွားလဲ"

ပတ်ဝန်ကျင်မှာ ကလေးမပြောနဲ့ ခွေးတစ်ကောင်မှ မရှိတော့ဘူး။

"ခင်ဗျားကား တွန်းရမယ့်အသံ ကြားတာနဲ့ ထွက်ပြေးသွားကြပြီ"

လင်းနိုင်ထွန်းက ပြုံးစိစိနဲ့ ဝင်ပြောလိုက်တော့ . . .

"ခွေးတီတောင်းစားလေးတွေ နောက်တီခါ ငါ့ကားပေါ်လာဆော့ရဲ ဆော့ကြည့်၊ ငါ့တုတ်နဲ့ ချီတောက်တွေ ကို မီးရှောက်နိုင်အောင် ရိုက်ချိုးပစ်မယ်"

“ကဲပါ အတီးရယ်၊ ဒေါသလည်း ထွက်မနေပါနဲ့၊ ကားတွန်းဖို့ထက် ရွာထဲသွားပြီး လူခေါ်ဖို့သာ စဉ်းစားပါ”

“ဟာ . . . ဆီရာလေးကလည်း မသိတာ ကျနေတာပဲ၊ ဒီအချိန်ရွာထဲမှာ ဘယ်သူရှိမလဲ”

“ဟင် . . . ဘယ်ရောက်ကုန်လို့လဲ”

လင်းနိုင်ထွန်း မျက်လုံးပြူးပြီးမေးတော့ အတီးက . . .

“လယ်တွေ ထဲ ဆင်းကုန်ပြီပေါ့ဗျ၊ မိန်းမတွေ ကလည်းသူ့အလုပ်နဲ့သူ၊ ကျုပ်သွားခေါ်ရင် အီဖတ်တောင် လုပ်မှာ မဟုတ်ဘူး၊ မီယုံရင် ဆီရာလေး သွားခေါ်ကြည့်”

“တော် ပါပြီဗျာ၊ ကျုပ်ကိုတော့ လူမိုက်မငှားပါနဲ့၊ ဒါဆို ကျွန်တော် တို့ ဒီကားကို ဘယ်လိုလုပ်မလဲ”

အတီး စဉ်းစားတယ်။

ကြိုဆိုရေး အတွက် သူကြီးအိမ်မှာ ပြင်ဆင်နေကြတဲ့ လူကြီးတွေ ကို သွားပြောရင်လည်း အချိန်ကြာမယ်၊ ရွာထဲမှာ လက်ကျန်ယောကျ်ား လိုက်ရှာပြီး လိုက်ပြောနေရင်လည်း အချိန်ကုန်မယ်။

အဲဒီ တော့ . . .

အဲဒီ တော့ . . .

နောက်ဆုံးတော့ အတီး အကြံရသွားတယ်၊ ဒါကြောင့် အားရဝမ်းသာနဲ့ လက်ခမောင်းထခတ်လိုက်ပြီး . . .

♥ ♥ ♥

“ကားကို နွားနဲ့ဆွဲမယ် ဆီရာလေး”

“ဘာ . . .”

လင်းနိုင်ထွန်းက အာမေဋိတ်သံ တစ်ချက်ထွက်ပြီး အတီးကို လှည့်ကြည့်လိုက်တယ်၊ ပြီးတော့ နားကြားများ လွဲသွားသလားဆိုတဲ့ အိုက်တင်နဲ့ . . .

“ဘယ်လို . . . ကားကို နွားနဲ့ ဆွဲမယ် ဟုတ်လား”

“ဟုတ်တယ်လေ ဆီရာလေး၊ ဆီရာလေးက ကားပေါ်တတ်ထိုင်ပြီး စက်နှိုးဖို့လုပ်၊ ကျွန်တော် က နွားနှစ် ကောင်နဲ့ ရှေ့က ဆွဲမယ်”

အတီးက ပြောလည်းပြော၊ အဲဒီ နေရာက လှစ်ခနဲ ပြေးထွက်သွားတယ်၊ ခဏကြာတော့ နွားနှစ် ကောင်ကို တံပိုးတပ်ပြီး ခေါ်ချလာတယ်။ လက်ထဲမှာ လည်း နိုင်လွန်ကြိုးခွေတွေ နဲ့။

လင်းနိုင်ထွန်း ပြုံးလိုက်တယ်။ အဲဒီ အကြံ မဆိုဘူးလို့လည်း စိတ်ထဲမှာ လက်ခံလိုက်တယ်။

“ခင်ဗျားက ဉာဏ်ကောင်းသားပဲဗျ၊ ကျွန်တော် တောင် အဲဒီ လိုမစဉ်းစားမိဘူး”

အတီးက သူ့ကို ချီးကျူးစကားဆိုတော့ ပြုံးပြုံးကြီးလုပ်ပြီး . . .

“ဒီလိုပေါ့ ဆီရာလေးရာ၊ မရှိ ရှိတာနဲ့ ရအောင်လုပ်ရတာ ပေါ့”

“ဟုတ်ပါပြီဗျာ . . . အဲဒါဆိုလည်း လုပ်ငန်းစကြတာပေါ့”

အဲဒီ လိုနဲ့ပ သူတို့ကားကို ကြိုးနဲ့ ချည်တယ်၊ ပြီးတော့ နွားမှာ တပ်ထားတဲ့ တံပိုးမှာ ကျန်တဲ့ကြိုးစကို ချည်လိုက်တယ်၊ ခဏနေတော့ နွားနှစ် ကောင် ကောင်းကောင်းဆွဲလို့ရတဲ့ ကားလှည်းလေးတစ်ခု ဖြစ်သွားတော့တယ်။

လင်းနိုင်ထွန်းက ကားလှည်းလေးကို ကြည့်ပြီး . . .

“မိုက်တယ်ဗျာ . . . ဘယ်နိုင်ငံမှာ မှ ဒီလိုဒီဇိုင်းမျိုး ရှိမယ်မထင်ဘူး၊ ဟား . . . ဟား”

လင်းနိုင်ထွန်း စကားကြောင့် အတီးကပါ လိုက်ရယ်တယ်၊ ပြီးတော့ ရှေ့က နွားနှစ် ကောင်ကိုထိန်းဖို့ နွားဖားကြိုးနဲ့ နှင်တံကိုကိုင်ပြီး . . .

“ဆီရာလေး . . . တတ်လေ၊ စက်နှိုးဖို့ လုပ်တော့”

“အိုကေ”

လင်းနိုင်ထွန်း ကားပေါ် ဆွေ့ခနဲ တတ်သွားတယ်၊ ပြီးတော့ သော ကိုလှည့်ပြီး ဂီတာကို နံပါတ်တူးနေရာမှာ ထားလိုက်ပြီး . . .

“ကဲ . . . ဆရာကြီး အတီး ခင်ဗျားရဲ့ နွားနှစ် ကောင်ကို စမောင်းတော့ဗျာ၊ ကျုပ်ကတော့ အဆင်သင့်ပဲ”

လင်းနိုင်ထွန်းစကား ဆုံးဆယ်ဆိုရင်ပဲ အတီးက . . .

“ကဲ . . .ဖေ့သားကြီး ရုန်းလိုက်စမ်းဟေ့ . . .လာထား”

နှင်တံကို ရွှန်းခနဲ ရိုက်လိုက်တယ်ဆိုရင်ပဲ နွားနှစ် ကောင်က စရုန်းတော့တာပဲ၊ ကားက နွားနှစ် ကောင်ဆွဲရာနောက် တအိအိစပါလာတယ်၊ ခဏနေတော့ နည်းနည်း မြန်လာတယ်၊ နောက်ဆုံးတော့ ကားရဲ့အရှိန်က နှိုးလို့ရတဲ့အဆင့်အထိ ခပ်သွက်သွက်လေး ဖြစ်လာတဲ့အချိန်မှာ . . .

“ဂူး”

“ဂူး . . . အူး . . . ဟူး”

“ဖွတ် . . . ဖွတ် . . . ဖုန်း . . . ဖွတ် . . . ဖွတ်”

ကားစက် ရုတ်တရက် နှိုးသွားချိန်၊ ပတ်ဝန်းကျင်တစ်ခုလုံးမီးခိုးတွေ နဲ့ ဖုံးအုပ်သွားတယ်၊ ဘယ်လောက်ထိ မှောင်မည်း သွားလဲဆိုရင် ရှေ့ကို မြင်ရဖို့

နေနေသာသာ ကိုယ့်လက်ကိုယ် မနည်းကြည့်ယူရတဲ့အဆင့်ထိ မီးခိုးတွေ က ထွက်လာတာ။

“ဖုန်း . . . အုံး”

အဲဒီ အချိန်မှာ ကြောက်စရာကောင်းတဲ့ ပေါက်ကွဲသံကြီးထွက်လာတယ်၊ ကားအိတ်ဇောက Missfire ဖြစ်သွားပြီး ထွက်လာတဲ့အသံကြီး။ ရုတ်တရက်ဆိုတော့ လင်းနိုင်ထွန်းတောင် တုန်သွားတယ်။ သူလည်း ကားတွေ အိတ်ဇောပေါက်သံ ကြားဖူးပါတယ်။ ဒါပေမယ့် ဒီကားလောက် အသံကျယ်ကျယ်ပေါက်တာ မကြားဖူးဘူး၊ ပုံပမာနှိုင်းရရင် ဗုံးကွဲသံလိုပဲ။

အဲဒီ အသံကြောင့် နွားနှစ် ကောင်လန့်ပြီး ဒုန်စိုင်းပြေးတယ်၊ အတီးလည်း နွားဖားကြိုးလွတ်ပြီး တံပိုးဖက်ရင်း တန်းလန်းကြီးပါလာတယ်။

“ဟာ . . . ဆီရာလေး လုပ်ပါဦး . . . လုပ်ပါဦး ကျုပ်နွားတွေ ထိန်းလို့မရတော့ဘူး”

ရုတ်တရက်ဆိုတော့ လင်းနိုင်ထွန်းလည်း ဘာလုပ်ရမှန်းမသိဘူး။ ဘရိတ်ပဲ အုပ်ရတော့မလိုလို၊ ကားပေါ်ကပဲ ခုန်ဆင်းရတော့မလိုလိုနဲ့။

ဂီယာကလည်း ဖရီးလုပ်ထားတော့ နွားနှစ် ကောင်ဆွဲရာနောက်ကားက ဂျောင်းဂျောင်းပြေးအောင် လိုက်နေတယ်၊ အတီးခမျာလည်းတံပိုကြီးကိုဖက်ရင်း လူက တရွတ်တိုက်ကြီး . . .

“ဆီရာလေး . . . တီခုခုတော့ လုပ်ပါဗျာ၊ ကျုပ်တီတော့မယ် . . . ကျုပ်တီတော့မယ်ဗျ”

အတီးအသံက ပြာပါတတ်လာတယ်၊ မပြာခံနိုင်မလား . . . အတီးတစ်ကိုယ်လုံး စွယ်ကျယ်လေးတစ်ထည်ကလွဲပြီး ဘာမှ မရှိတော့ဘူး၊ ပုဆိုးလည်း ဘယ်ချုံနဲ့ ငြိပြီး ကျန်ခဲ့လည်း မသိဘူး၊ ဒီကြားထဲ ခွေးတွေ ကပါ

ဝိုင်းလိုက်လာတော့ ဘဝကို ပျက်ရော။

နွားနှစ် ကောင်က ဦးတည်ရာမဲ့ပြေးရင်း ရွာပြင် ကန်သင်းရိုးဘက် ရောက်လာတယ်၊ လယ်ထဲက ကောက်စိုက်သမတချို့က အထူးအဆန်း ဖြစ်ပြီး ဝိုင်းကြည့်ကြတယ်၊ သူတို့ခမျာ နွားနှစ် ကောင်ဆွဲလာတဲ့ ဂျစ်ကားကြီးကို အခုမှ မြင်ဖူးတော့ တအံ့တသြနဲ့၊ အတီးကို မြင်တော့ ပိုပြီး အံ့အားသင့်ကုန်တယ်။

"ဟယ် . . . ပေါက်ဖော်ကြီးက ကိုယ်တုံးလုံးကြီးနဲ့ နွားကြီးဖက်ပြီး ဘာလုပ်နေတာလဲဟင်"

"ငါ ဘယ်သိမလဲဟဲ့၊ ဒါပေမယ့် သူ့နွားက နွားမကြီးနော်"

"ပေါက်ဖော်ကြီးက ကြံကြီးစီရာဟယ်"

သူတို့ဘက်က ကြည့်တော့လည်း မြင်ကွင်းက ဟုတ်နေတယ်၊ အတီးက သွေးရူးသွေးတန်းနဲ့ ထွန်တုံးတစ်ဖက်၊ ဂျိုတစ်ဖက်ကိုင်ရင်းနွားမကြီး တင်ပါးဆုံပေါ် ခြေတစ်ဖက်ခွထားတာ၊ အဲ့ဒီတော့ အဝေးက ကြည့်ရင် ဘာလိုလိုကြီး။

လင်းနိုင်ထွန်း စဉ်းစားရပြီ၊ သူတစ်ခုခု လုပ်မှကို ရတော့မှာ ဘရိတ်ပဲ ဆောင့်နင်းမလား၊ ဒါမှမဟုတ် ကားပေါ်က ခုန်ချမလားပါပဲ။

ကားပေါ်က ခုန်ချလိုက်ရင်လည်း သူ့အတွက်က တစ်ခုခုကျိုးပဲ့သွားနိုင်တယ်၊ အခန့်မသင့်ရင် ကန်သင်းရိုးနဲ့ ခေါင်းနဲ့ဆောင့်ပြီး ဇက်တွေ ဘာတွေ တောင် ကျိုးပဲ့သွားနိုင်တယ်။

ဒါဆို ဘရိတ်ကို ဆောင့်နင်းလိုက်ရင်တော့ . . .

ကားက ရပ်သွားမှာ တော့ အမှန်ပဲ၊ ဒါပေမယ့် နွားနှစ် ကောင်မရပ်ဘဲ ဆက်ဆွဲနေတော့ ကြိုးပြတ်ပြီး ကားတစ်ခုခု၊ နွားတစ်ခုခု ဖြစ်သွားနိုင်တယ်။

"ဆီရာလေး . . . ဆီရာလေး . . . တစ်ခုခုလုပ်ပါ . . . တစ်ခုခုလုပ်ပါ"

လင်းနိုင်ထွန်း စဉ်းစားမနေတော့၊ ကားဘရိတ်ကိုသာ အားနဲ့

ဆောင့်နင်းလိုက်ပါတော့တယ်။

"ဝှီး"

တခြားဟာ မဟုတ်ပါ၊ အတီးတစ်ယောက် ဆတ်ခနဲ ရပ်သွားသော နွားနှစ် ကောင်ကြောင့် လေထဲကို အရှိန်နဲ့ ဝဲခနဲ ထွက်သွားတာပါ၊ ခဏနေတော့ ပျိုးကြဲထားတဲ့ လယ်တစ်ကွက်ထဲ ဝမ်းယားမှောက်ကြီး ပြုတ်ကျသွားတယ်၊ သွေးရူးသွေးတန်းနဲ့ တစ်ချက်နှစ် ချက် ထရပ်သေးတယ်၊ နောက်ဆုံးတော့ မျက်လုံးက ချာလည်လည်ပြီး ခွေခနဲ လဲကျသွားတော့တယ်။

ပြန်မထနိုင်တော့။

အတီးဆီကို နီးစပ်ရာ လယ်ကွက်တွေ ထဲက လူတွေ ပြေးလာကြတယ်၊ ယောကျ်ားတွေ ရောမ မိန်းမတွေ ရောပဲ၊ မိန်းမတွေ က အတီးအခြေအနေကြောင့် ဆယ်ပေလောက်မှ တန့်ခနဲ ရပ်သွားတယ်၊ ပြီးတော့ မိမွေးတိုင်း ဖမွေးတိုင်း အတီးကို မမြင်ရက်တော့လို့ ချာခနဲ လှည့်ထွက်သွားတယ်။

ယောကျ်ားတွေ သာ အတီးနား ရောက်လာပြီး ပါလာတဲ့ ခေါင်းပေါင်းတွေ နဲ့ ကိုယ်လုံးကို ပတ်ပေးလိုက်ကြတယ်။

ခဏနေတော့ အဲဒီ ယောကျ်ားတွေ ထဲက တစ်ယောက်က . . .

"ကား . . . ကား . . . ကားပေါ်ကလူ၊ ကားပေါ်ကလူကိုသွားကြည့်ကြပါဦးဟ"

အဲ့ဒီလူ စကားကြောင့် တစ်ယောက်က ကားဆီ ပြေးထွက်သွားတယ်၊ ကားပေါ်ကလူကို ကြည့်လိုက်ပြီး . . .

"ဟာ . . . ဆရာလေးပါလား၊ နဖူးမှာ လည်း သွေးတွေ နဲ့ . . .သတိလစ်နေတယ်"

"ဟင် . . ."

အားလုံး အာမေဋိတ်သံတွေ နဲ့ ကားဆီကို ဝိုင်းသွားကြတယ်။ နောက်တော့ ကားစတီယာရင်ကို ခေါင်းဆိုက်ပြီး နဖူးအကွဲ၊ ဒူးအပြဲနဲ့ ဆရာလေး လင်းနိုင်ထွန်းကို တွေ့ လိုက်ရတော့တာပဲ။

လင်းနိုင်ထွန်းလည်း ကားဆောင့်ရပ်သွားတဲ့ အရှိန်ကြောင့် စတီယာရင်နဲ့ ဆောင်မိပြီး အဲ့ဒီဘဝ ရောက်သွားရတာ ပါ။

သူတို့တွေ အားလုံး ဆရာလေးကို လှုပ်နှိုးကြတယ်၊ လင်းနိုင်ထွန်း သတိရလာတော့မှ အတီးရဲ့ ခန္ဓာကိုယ်ကြီးကို မချီပြီး ကားပေါ်တင်ကာ ရွာထဲ ပြန်လာခဲ့ကြတော့တယ်။

အားလုံးရဲ့ မျက်နှာတွေ ကတော့ စိတ်မကောင်းတဲ့ ပုံစံတွေ နဲ့။

♥ ♥ ♥

“မရရင်လည်း မလုပ်ပါနဲ့တော့ ဒကာကြီးတို့ရယ်၊ ပစ္စည်းသင်္ခါရ၊ လူသင်္ခါရဆိုပေမယ့် ဒကာကြီးအတီးရဲ့ ဂျစ်ကားက အဲ့ဒီလောက် သင်္ခါရသဘောတရားတွေ များ နေရင် ဘုန်းကြီးလည်း မမိန့်တတ်တော့ဘူး”

ဆရာတော် ဦးကေလာရဲ့ စကားအဆုံးမှာ အားလုံး ငြိမ်နေကြတယ်၊ ခဏကြာတော့ သူကြီး ဦးဖိုးကောက်က . . .

“အရှင်ဘုရား တစ်ခုတော့ စဉ်းစားပါဦးဘုရား၊ ဆရာမလေးက ဒီနေ့ နှစ်နာရီလောက် တာဆုံကို ရောက်မှ ဘုရား၊ အခုကြမှန္တားလှည်း၊ ဒါမှမဟုတ် ထော်လာဂျီနဲ့ သွားကြိုရင် ဘယ်လိုမှ မမီနိုင်တော့ပါဘူး ဘုရား၊ အဲ့ဒီ လိုသာဆိုရင် ဆရာမလေးတစ်ယောက်တည်း တာဆုံမှာ ဒုက္ခရောက်နေလိမ့်မယ် ဘုရား”

ဦးကေလာ ငြိမ်သွားတယ်။ ဦးဖိုးကောက် ပြောတာလည်းမှန်နေတော့ ရွာလူကြီးတွေ ပါ တစ်ယောက်နဲ့ တစ်ယောက် ခေါင်းချင်းရိုက်သွားတယ်။

ခဏကြာတော့ ဆရာတော် က . . .

"ဒီလိုဆိုတော့လည်း ဟုတ်ပေသားပဲ၊ ဒါပေမယ့် အဲ့ဒီကားက ဒီလမ်း ဒီခရီးကို သွားလို့ ဖြစ်ပ့ါမလား"

ဆရာတော် ရဲ့ စကားအဆုံးမှာ အားလုံးရဲ့ မျက်လုံးတွေ က တိုင်တစ်ခုမှာ ငုတ်တုတ်ကလေးမှီနေတဲ့ ဆရာလေး လင်းနိုင်ထွန်းဆီရောက်သွားတယ်။ လင်းနိုင်ထွန်းလည်း တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေ ကြောင့် ပတ်တီးအစစ်တွေ မဟုတ်ဘူး၊ ဒီနေ့မှ သူတို့ကျေးလက်ဆေးပေးခန်းလေးက ပတ်တီးပြတ်နေလို့ သူ့ဆီမှာ ရှိတဲ့ ပုဆိုးအဟောင်းတစ်ထည်ကို ဖြဲပြီး စည်းထားရတာ ၊ ဒဏ်ရာတွေ က ခေါင်းမှာ တစ်ချက်၊ ဒူးမှာ တစ်ချက်၊ အဲဒီ နှစ် ချက်က တော် တော် ကြီးတယ်၊ ခေါင်းကဟာဆို တော် တော် လေး ယောက်ကိုင်းနေတာ၊ ဘုက နဖူးက ထွက်နေတာများ ဂေါက်သီးလုံးလောက်ရှိတယ်။

အဲ့ဒီဒဏ်ရာတွေ ကို ပုဆိုးစုတ်နဲ့ ဒဏ်ကြေဆေး လိမ်းပြီးစည်းထားတော့ ရုတ်တရက်ကြည့်ရင် ခေါင်းပေါင်း ပေါင်းထားသလိုပဲ၊ ဒဏ်ရာရှိန်ကြောင့် ပါးကလည်း တစ်ခြမ်း ဖောင်းနေသေးတယ်။

ဆရာလေး လင်းနိုင်ထွန်းကို ကြည့်ပြီး အားလုံးက သက်ပြင်းချကြတယ်။

လင်းနိုင်ထွန်းက သူ့ကို အားကိုးတကြီး လှမ်းကြည့်နေတဲ့မျက်ဝန်းတွေ ကို ရင်ထဲမှာ မပစ်ပယ်ရက်ဘူး ဖြစ်သွားတယ်၊ သူသာတကယ်လို့ ဒီဂျစ်ကားကို မမောင်းနိုင်ဘူးဆိုရင် ဒီပွဲက ပြီးပြီ၊ သူတို့တစ်ရွာလုံး ဒီဂျစ်ကားကို မောင်းရဲတဲ့လူဆိုလို့ သူကလွဲပြီး ဘယ်သူမှ ရှိတော့တာ မဟုတ်ဘူး။ ကားပိုင်ရှင် အတီးတောင် အခုထိ သတိကောင်းကောင်း မလည်လေဘူး၊ သွေးရူးသွေးတန်းနဲ့ ကယောင်ကတန်းတွေ ပြောလိုပြော ဖြစ်နေသေးတာ။

နောက်ပြီး သူမမြင်ဘူးသေးတဲ့ ဆရာမလေး . . .

အဲ့ဒီဆရာမလေးကို သူစာနာမိတယ်၊ ကိုယ်ချင်းစာမိတယ်၊ တာဆုံလို နေရာမျိုးမှာ ကြိုဆိုသူမဲ့ တစ်ယောက်တည်း ဖြစ်နေရမယ့် မိန်းကလေးတစ်ယောက်ရဲ့ ဘဝကို ပြေးမြင်မိတယ်၊ ဒါကြောင့် အားလုံးရဲ့ အားကိုးတကြီး ကြည့်နေတဲ့ အကြည့်တွေ ကို ရဲရဲကြီးရင်ဆိုင်ပစ်လိုက်ရင်း . . .

"ကျွန်တော် အဲ့ဒီကားနဲ့ ဆရာမလေးကို မရောက်ရောက်အောင် သွားခေါ်ပါ့မယ်ဗျာ"

အားလုံးရဲ့ သက်ပြင်းချလိုက်သံတွေ က လင်းနိုင်ထွန်းရဲ့ ရင်ထဲအထိတောင်ကြားလိုက်ရတယ်။

ဆရာတော် ကတော့ လင်းနိုင်ထွန်းကို နားလည်တဲ့ အကြည့်နဲ့ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်တယ်။

ပြီးတော့ . . .

"သာဓု . . . သာဓု . . . သာဓု၊ အခုလို ရပ်ရွာအကျိုးကိုကိုယ်ကျိုးစွန့်ပြီး အတီးရဲ့ ဂျစ်ကားနဲ့ ဆရာမလေးကို ရဲရဲဝံ့ဝံ့ သွားကြိုရဲတဲ့ ဒကာကြီးရဲ့ စိတ်ထားကို ဘုန်းကြီး မချီးကျူးဘဲ မနေနိုင်ပါဘူး ဒကာကြီးရယ်၊ ဒါပေမယ့် ဒီကားက တာဆုံကို အချိန်မီရော ရောက်ပါ့မလား"

"ရောက်ပါတယ် အရှင်ဘုရား၊ ဖြည်းဖြည်းချော့ပြီး မောင်းသွားရင် နှစ်နာရီမတိုင်ခင် တာဆုံ ရောက်သွားမှာ ပါဘုရား"

"အေးကွယ် . . . ဘုန်းကြီးတို့လည်း ရွာမှာ ဒကာလေးတို့ပြန်လာတဲ့ အချိန်ကို စောင့်နေမှာ ပါ"

"တင့်ပါဘုရား . . . ဒါဆို တပည့်တော် ကို သွားခွင့်ပြုပါဦးဘုရား၊ အချိန်လေးရှိတုန်း သွားလိုက်ချင်လို့ပါ"

"ကောင်းပါပြီကွယ် . . . ခလုတ်မထိ ဆူးမငြိပါစေနဲ့"

ဆရာတော် က မေတ္တာပို့ ဆုတောင်းပေးတယ်။ သူကြီးအပါအဝင် ရပ်မိရပ်ဖတွေ ကလည်း သူရဲကောင်းတစ်ယောက်သဖွယ်ဆရာလေး လင်းနိုင်ထွန်းကို ကြည့်ကြတယ်။

လင်းနိုင်ထွန်းက ကားပေါ် မာန်ပါပါနဲ့ တတ်ပြီး ကားစက်ကောက်နှိုးလိုက်တယ်။

"ဂူး"

ကားစက်က သဘောကောင်းစွာ နှိုးသွားတယ်၊ ပြီးတော့ ရွာထဲက တရွေ့ရွေ့ ထွက်သွားလေတော့တယ်၊ အားလုံးကတော့ လက်တပြပြနဲ့ပေ့ါ။

"ဆရာလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ"

"ဆရာလေး ခလုတ်မထိ ဆူးမငြိပါစေနဲ့"

"ဆရာလေး ဘေးရန်မခ ပြန်လာနိုင်ပါစေ"

အားလုံးရဲ့ ရင်ထဲမှာ ပုံစံမျိုးစုံ ဆုတောင်းမှုတွေ နဲ့။

ဆရာလေးလင်းနိုင်ထွန်း စစ်မြေပြင် ထွက်သွားရင်တောင် သူတို့ ဒီလောက် စိုးရိမ်မိမယ် မထင်ဘူး၊ အခုဟာက အတီးရဲ့ဂျစ်ကားကြောင့် . . .

ကားက လမ်းတစ်ဝက်လောက်အထိ အကောင်း၊ ဘာမှမဖောက်မပြန်ဘဲ ရှောရှောရှူရှူ မောင်းလို့ ဖြစ်နေတယ်၊ ဒါပေမယ့်လမ်းတစ်ဝက်လောက်ရောက်တော့ စဖောက်လာတယ်၊ ကောင်းကောင်းမွန်မွန် သွားနေရင်းကနေ ဆန့်ငင်ဆန့်ငင် စ ဖြစ်လာတယ်။ ခဏနေတော့ ကားတစ်စီးလုံး နတ်ပူးသလို တဆက်ဆက် တုန်ခါလာပြီး ထိုးရပ်သွားတယ်။

လင်းနိုင်ထွန်းလည်း ဘာ ဖြစ်လို့ ရပ်သွားမှန်း မသိတာနဲ့ ကားပေါ်ကဆင်းပြီး စက်ဖုံးကို ဖွင့်ကြည့်တယ်၊ စက်က အကောင်း၊ ဝါယာတွေ

စစ်ကြည့်တော့လည်း ရှော့ ဖြစ်တာတွေ ဘာတွေ မတွေ့ရဘူး၊ ဒါနဲ့ ရေတိုင်ကီကို ဖွင့်ကြည့်လိုက်တယ်၊ ရေတိုင်ကီထဲမှာ လည်း ရေကအပြည့်။

ဒါနဲ့ ဘာလုပ်ရမှန်းမသိတာနဲ့ ကားပေါ်တတ်ပြီး စက်ပြန်နှိုးကြည့်တယ်၊ အင်ဂျင်တစ်ချက်နှစ် ချက်လည်ပြီး ကားက ဂူးခနဲနှိုးသွားတယ်၊ လင်းနိုင်ထွန်း သက်ပြင်းကို ဟူးခနဲ ချလိုက်ချိန်မှာ ကားစက် ဂူးခနဲ ပြန်သေသွားတယ်။ လင်းနိုင်ထွန်း စိတ်ညစ်ပြီးကားရှေ့က ဒိုင်ခွက်တွေ ကို လိုက်ကြည့်တယ်။ ဒိုင်ခွက်တွေ က တစ်ခုမှ အလုပ်မလုပ်ဘူး၊ တချို့ ဒိုင်ခွက်တွေ ဆို ဝါယာကြိုးတန်းလန်းနဲ့ ရှိတောင်မရှိဘူး။

အဲ့ဒီမှာ လင်းနိုင်ထန်း တစ်ခုသွားသတိရတယ်၊ သူမနက်က ထွက်လာတုန်းက ကားထဲကို ဆီမဖြည့်ခဲ့ရဘူး၊ ကားထဲမှာ ဆီလက်ကျန် ဘယ်လောက်ရှိသေးတယ်ဆိုတာလည်း ဒိုင်ခွက်က ပျက်နေတော့ကြည့်လို့မရဘူး၊ ဒါနဲ့ပဲ လမ်းဘေးက တုတ်ကလေးတစ်ချောင်းယူပြီး ဆီတိုင်ကီဖုံးကို ဖွင့်ပြီး ထိုးထည့် တိုင်းလိုက်တော့ . . .

“ဟင်”

ကားထဲမှာ ဆီမရှိတော့။ တုတ်ချောင်းက ဆီတိုင်ကီ အောက်ခြေထိ ရောက်သွားတာတောင် ဆီဆိုလို့ တစ်စက်မှ မတွေ့ရတော့၊ လင်းနိုင်ထွန်း စိတ်ညစ်ပြီး ဘေးဝဲယာ ကြည့်လိုက်တော့ လူဆိုလို့တစ်ယောက်မှ မတွေ့ရ။ ခပ်ဝေးဝေး လယ်ကွင်းတွေ အလယ်မှာ သစ်ပင်စုစုလေးတွေ စုပေါက်နေတာတော့ တွေ့လိုက်ရတယ်။ အဲ့ဒီနေရာက ရွာလေးတစ်ရွာပဲဆိုတာ သူသိလိုက်တယ်။

ရွာရှိရင်တော့ လူရှိမှာ ပဲ ဆိုတဲ့အသိနဲ့ အဲ့ဒီရွာလေးရှိရာကို လှမ်းထွက်လာခဲ့လိုက်တော့တယ်။ အဝေးက လှမ်းကြည့်တော့သာ အနီးသား၊ တကယ့်တကယ်တမ်း လျှောက်ရတော့ ရွာက အဝေးကြီး၊ နေကပူ၊ ဖုန်တွေ က ထူနေရတဲ့ကြားထဲ အဲ့ဒီရွာကို လင်းနိုင်ထွန်း ခများမနည်းလျှောက်ရတယ်။

ရွာလမ်းအတိုင်း မဝင်ဘဲ ပိုနီးအောင်လယ်ကန်သင်းရိုးတွေ က ဖြတ်ပြီး လျှောက်လာတော့ သူ့တစ်ကိုယ်လုံးလည်း ဗွက်တွေ ၊ ရွှံ့တွေ နဲ့ လူရုပ်တောင် မပေါ်တော့ဘူး၊ ဒါပေမယ့်မတတ်နိုင်ဘူးလေ၊ ကားမှာ ဆီမှ မရှိတာ။ ဆီမရှိရင် ဒီကားက ဘယ်လို ဆက်သွားမလဲ။ ဒါကြောင့် ဆီရနိုင်ဖို့ အရေး က ဒီအချိန်မှာ အရေး ကြီးဆုံး။ ပြီးတော့ ဆရာမလေးကို အချိန်မီ ကြိုနိုင်ဖို့၊ အခုတောင် နေမွန်းတည့်နေပြီ၊ နှစ် နာရီလောက် ဆရာမလေးက တာဆုံကို ရောက်မှာ ဆိုတော့ မ ဖြစ် ဖြစ်တဲ့နည်းနဲ့ ဆရာမလေးဆီသူရောက်အောင် သွားရလိမ့်မယ်။ အခု ကားရပ်နေတဲ့နေရာနဲ့ တာဆုံကလည်း နှစ် နာရီလောက် အနည်းလေး မောင်းရဦးမှာ ။

လင်းနိုင်ထွန်း ရွာကိုရောက်တော့ လူတစ်ကိုယ်လုံး တော် တော် စုတ်ပြတ်နေပါပြီ၊ လမ်းမှာ ကန်သင်းရိုးတွေ ပေါ် ချော်ကျတာနဲ့၊ ထွန်ပြီးကာစ လယ်ကွက်တွေ ထဲ ဖြတ်နင်းလာရတာ နဲ့ ဆိုတော့တစ်ကိုယ်လုံး ရွှံ့တွေ ၊ ရေတွေ နဲ့၊ အရေး ထဲ လမ်းလယ်မှာ လေပွေပပါဖြတ်တိုက်သွားတော့ တစ်ကိုယ်လုံးဖုန်တွေ ဖွေးခနဲ ဖြစ်သွားတယ်၊ မတတ်နိုင်ဘူးလေ ရှိစေတော့။

ရွာထဲကိုရောက်တော့ ကံကောင်းထောက်မစွာပဲ ထော်လာဂျီတစ်စီး ထွက်လာတာနဲ့ သွားဆုံးတော့ ဆီအတွက် စုံစမ်းရတယ်၊ ထော်လာဂျီစမားက သဘောကောင်းလို့တော် သေးတယ်၊ သူ့ထော်လာဂျီမှပါတဲ့ ဆီနှစ် ဂါလံလောက် ပေးလိုက်တယ်။ လင်းနိုင်ထွန်းလည်း ကျေးဇူးတင်စကား အထပ်ထပ်ပြောပြီးတော့ ကျသင့်ငွေကို ထော်လာဂျီသမားကို အတင်းပေးပြီး အဲ့ဒီထော်လဂျီနဲ့ပဲ သူ့ကားဆီ ပြန်လိုက်ပို့ခိုင်းရပါတယ်။

ထော်လာဂျီသမားက စိတ်ရှည်လက်ရှည် လိုက်ပို့ရင်းမှ . . .

“ကိုယ့်ဆရာက ကားထဲမှာ ဆီ ရှိ၊ မရှိဆိုတာ မကြည့်ဘဲ ထွက်လာတာကိုး။ ဒီလမ်းက လူပြတ်တယ်ဗျ၊ ကျုပ်တို့ရွာနားမှာ ဆီပြတ်သွားလို့ တော် သေးတာပေါ့”

လင်းနိုင်ထွန်းလည်း မချိပြုံးကြီးသာ ပြုံးနေရပါတော့တယ်။ သူ့ကိုယ်သူ သာယာအေးရွာက ကျောင်းဆရာလေးတစ်ယောက်ပါဆိုတာလည်း အဲ့ဒီလူကို မိတ်မဆက် ဖြစ်တော့ပါဘူး။ ကိုယ့်ပုံစံနဲ့ ကိုယ့်ရုပ်ကိုယ်ကြည့်ပြီး ကျောင်းဆရာဆိုတဲ့ ဂုဏ်ပုဒ်ကို အားနာသွားလို့ပါ။ ပြောရင်လည်း ယုံမယ်မထင်ဘူး။

ဟုတ်တယ်လေ၊ သူ့ကိုယ်သူသာ အခုချိန်မှန်ထဲ ပြန်ကြည့်မိရင် အာဖရိကလူဝံကတောင် ချောနေပါဦးမယ်။ တစ်ကိုယ်လုံးလည်း ရွှံ့တွေ ၊ ဗွက်တွေ ၊ ဖုန်တွေ နဲ့၊ ဖြူလို့ဖွေးလို့။

♥♥♥

တာဆုံဆိုတာ သာယာအေးရွာသွားတဲ့ လမ်းလေးနဲ့ ရန်ကုန် မန္တလေးသွား ဟိုင်းဝေးကတ္တရာလမ်းကြီးဆုံတဲ့ နေရာပါ၊ အဲဒီ နေရာက သာယာအေးရွာနဲ့ ဆယ်ရှစ်မိုင်လောက် ဝေးတယ်၊ လမ်းကောင်းရင်တော့ ဆယ့်ရှစ်မိုင်ဆိုတာ ဘာကြာလို့လဲ၊ နာရီဝက်လောက်ဆိုရောက်ပြီ၊ အခုတော့ ရွာလမ်း၊ တောလမ်း ဖြစ်နေတော့ နေ့ဝက်နီးပါးလောက် သွားရတာ ၊ အဲဒါကြောင့် သာယာအေးရွာကလူတွေ မြို့တတ်ရင် မနက်အစောကြီးကတည်းက ရွာက ထွက်ကြတာ။ ဒါမှမြို့ကို ညနေလောက် ရောက်တာ။ များ သော အားဖြင့်တော့ နွားလှည်းတို့၊ ထော်လဂျီတို့နဲ့ သွားတာ များ တယ်။ တစ်ပတ်တစ်ခါ ရွာနဲ့ မြို့ကို ထော်လာဂျီ အသွားအပြန်ရှိတယ်။ ဘတ်စ်ကားသဘောမျိုးပေါ့။ ဒါကလည်း ဆရာတော် ဦးကေလာရဲ့ အစီအစဉ်နဲ့ သူ့ကျောင်းက ကျောင်းပိုင် ထော်လာဂျီနဲ့ပ ပြေးဆွဲပေးတာ။ ကျန်တဲ့အချိန်တွေ မှာ တော့ ကိုယ့်ထော်လာဂျီနဲ့ ကိုယ်သွားချင်သွား။ ဒါမှ မဟုတ် နွားလှည်းနဲ့သွား။

လင်းနိုင်ထွန်းက သူ့ကားကို မောင်းလာရင်း လက်က နာရီကို ကြည့်လိုက်တယ်။ နေ့လယ်တစ်နာရီခွဲပြီ ဒီပုံအတိုင်းဆိုနှစ်

နာရီကျော်ကျော်လောက်မှ တာဆုံကို ရောက်လိမ့်မယ်လို့ သူ့စိတ်ထဲမှ ခန့်မှန်းမိတယ်။ ဒါကြောင့် ကားကို အရှိန်နည်းနည်း ထပ်တင်လိုက်တယ်။ ကားအင်ဂျင်က မူလထက် ပိုဆူညံသွားတာကလွဲရင် အရှိက တတ်မလာဘူး။ ဒါကားက ဒီအရှိန် ဂိတ်ဆုံးပဲဆိုတာ လင်းနိုင်ထွန်း သဘောပေါက်လိုက်တယ်။ သူစိတ်လောပြီး လီဗာကို နင်းကန်နင်းရင်လည်း ကားတစ်စီးလုံး ပြုတ်ပျက်ထွက်ကုန်တာပဲ အဖတ်တင်မယ်။ ဘာမှ အကြောင်းထူးလာမှာ မဟုတ်ဘူးလို့ တွေ းလိုက်မိတယ်။ ဒ့ါကြောင့် ကားကို ဖြည်းဖြည်းချော့မောင်းရင်း ဆရာမလေး တာဆုံကိုရောက်ချိန် နောက်ကျပါစေလို့သာ ရင်ထဲမှာ ဆုတောင်းနေမိပါတော့တယ်။

တစ်လမ်းလုံး ဘာမှ မ ဖြစ်ရင်တော့ နှစ် နာရီခွဲလောက် တာဆုံကို ရောက်သွားကောင်း ရောက်သွားနိုင်ပါတယ်။

♥ ♥ ♥